# Karenni Nationalities Defence Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့။

ဇန်နဝါရီလ (၂၃) ရက်နေ့ ဒီးမော့ဆိုမြို့နယ်၊ စံပြ (၆) မိုင်ကျေးရွာအုပ်စု၊ ဟိုဖိတ်ကျေးရွာနှင့် စိုက်ကွင် (၂) ကျေးရွာတို့တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့မှ စစ်ကြောင်းထိုးလာသဖြင့် နှစ်ဖက် ထိတွေ့တိုက်ပွဲ မနက် (၈း၀၀)နာရီမှ ညနေ (၁၈း၀၀) နာရီအထိဖြစ်ပွားခဲ့ပါသည်။

တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ ထိခိုက်ကျဆုံးမှုများပြားခဲ့ပါသည်။ မိမိတို့ဘက်မှ ရဲဘော်တစ်ဦး မစိုးရိမ်ရသော ဒဏ်ရာရခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဟိုဖိတ်၊သပြေတောနှင့် စိုက်ကွင်း (၂) ကျေးရွာအတွင်းရှိ နေအိမ်(၉)လုံးကိုမီးရှို့ဖျက်စီးခဲ့ပါသည်။

ထို့အတူ ဇန်နဝါရီလ (၂၂) ရက်နေ့ မွန်းလွဲပိုင်းမှစ၍ ဟိုဖိတ်ကျေးရွာနှင့် သပြေတော ကျေးရွာအတွင်း နှစ်ဖက်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်မှ တိုက်ပွဲ ဖြစ်ပွားနေသော ကျေးရွာများအတွင်းရှိ ပြည်သူများကို ဖမ်းဆီးခဲ့ပြီး၊ (၂) ဦးကို သတ်ဖြတ်ခဲ့ပါသည်။

အလားတူ ဇန်နဝါရီလ (၂၂) ရက်နေ့၊ မနက်ပိုင်း လွိုင်ကော်မြို့နယ်၊ မုံပြာရပ်ကွက် အနီးအတွင်း စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များကို KNDFနှင့် PDF ပူးပေါင်းမဟာမိတ် အဖွဲ့တို့မှ ခုံခံတိုက်ခိုက်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့မှ စစ်ကြောင်းနှစ်ကြောင်းဖြင့် ဒီးမော့ဆိုမြို့နယ်၊နန်းမယ်ခုံဘက်သို့ စစ်ကြောင်းထိုး ဦးတည်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။